**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော် လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်း များကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေး လမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင် ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှရယူရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာ သည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက် မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဒီဇင်ဘာလ၊ ၂၀၂၃ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျွန်းကုန်းကျေးရွာ
အုတ်ဖိုမြို့နယ်

## အုတ်ဖိုမြို့နယ်၊ကျွန်းကုန်းကျေးရွာအုပ်စု၊ကျွန်းကုန်းကျေးရွာ၏ သယံဇာတပြမြေပုံ



# အုတ်ဖိုမြို့နယ်၊ကျွန်းကုန်းကျေးရွာအုပ်စု၊ကျွန်းကုန်းကျေးရွာ၏ ရာသီခွင်ပြပုံ

ကျွန်းကုန်း ကျေးရွာအုပ်စု၊ ကျွန်းကုန်း ကျေးရွာ၏ရာသီခွင်ပြ ပြက္ခဒိန်

| အဖြစ်အပျက် | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | သြဂုတ် | စက် | အောက် | နို | ဒီဇင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | နွေ | နွေ | နွေ | နွေ | မိုး | မိုး | မိုး | မိုး | ဆောင်း | ဆောင်း | ဆောင်း | ဆောင်း |
| အလုပ်အကိုင် | — | — | — | — | စပါး | စပါး | စပါး | စပါး | ပဲ | ပဲ | ပဲ | ပဲ |
| သောက်သုံးရေ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| စိုက်ပျိုးရေ | — | — | — | — | စပါး | စပါး | စပါး | စပါး | ပဲ | ပဲ | ပဲ | ပဲ |
| ရောဂါကျရောက်မှု(လူ) | — | — | — | — | — | — | — | — | — | — | — | — |
| ရောဂါကျရောက်မှု (တိရစ္ဆာန်) | — | — | | — | — | — | — | — | — | — | — | — |
| သီးနှံပိုးမွှားကျရောက်မှု | — | — | — | | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ပွဲတော် | — | — | — | — | — | — | ဝါဆို သင်္ကန်းကပ်ပွဲ | ဝါဆို သင်္ကန်းကပ်ပွဲ | — | — | ကထိန် | ကထိန် |
| သဘာဝဘေးအန္တရာယ် | — | — | — | — | — | — | — | — | — | — | — | — |
| ဝင်ငွေရရှိမှု ဝင် / ထွက် | ပုံမှန် | ပုံမှန် | များ | များ | နည်း | နည်း | နည်း | နည်း | ပုံမှန် | များ | ပုံမှန် | ပုံမှန် |

# အုတ်ဖိုမြို့နယ်၊ကျွန်းကုန်းကျေးရွာအုပ်စု၊ကျွန်းကုန်းကျေးရွာ၏ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုပြပုံ



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကျွန်းကုန်းကျေးရွာသည် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၏ မြောက်ဘက် ရန်ကုန်-ပြည်လမ်းမကြီး၏ အနောက်ဘက်ဘေးတွင် တည်ရှိသည့် ကျေးရွာတစ်ရွာ ဖြစ်ပါ သည်။ ကြို့ပင်(အလယ်) ကျေးရွာ၏ အရှေ့ဘက်တွင် လယ်ဦးစုကျေးရွာ၊ မြောက်ဘက်တွင် သင်မန်းကုန်းကျေးရွာ ၊တောင်ဘက်တွင် ကဝေစု ကျေးရွာတည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

အုတ်ဖိုမြို့နယ်၊ ကျွန်းကုန်းကျေးရွာ၏ ရွာသီဥတုမှာ ယေဘူယျအားဖြင့် အပူပိုင်း မုတ်သုံရာသီ ဥတုရှိပြီး အမြင့်ဆုံးအပူချိန်မှာ (၃၁.C)နှင့် အနိမ့်ဆုံးအပူချိန်မှာ (၂၆ံC)ရှိပါသည်။ တစ်နှစ်ပျှမ်းမျှမိုး ရေချိန်မှာ (၅၀")ခန့် ရှိပြီး မိုးအများဆုံးရွာသွန်းသောလမှာ ဝါဆိုလနှင့် ဝါခေါင်လတို့ဖြစ် ပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

အုတ်ဖိုမြို့နယ်၊ ကျွန်းကုန်းကျေးရွာအုပ်စု၊ ကျွန်းကုန်းကျေးရွာတွင် အိမ်ထောင်စု (၆၄)စု၌ ကျား (၁၀၈)ဦး၊ မ(၁၁၅)ဦး၊ စုစုပေါင်း လူဦးရေ (၂၂၃)ဦးရှိပြီး (၁)အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄)ဦးခန့် နေထိုင်လျက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်လူဦးရေမှာ ကျေးရွာရှိ လူဦးရေ၏ (၅၀%)ဖြစ်ပြီး လုပ်သားအင်အားရရှိမှုများပါသည်။ ၎င်းအလုပ်လုပ်နိုင်သောသူများကို အသက်မွေး ဝမ်းကျောင်း ကျွမ်းကျင်မှု အတတ်ပညာများ ထောက်ပံ့ပေးခြင်း၊ တစ်နိုင်တစ်ပိုင် လုပ်ငန်းများ ထူထောင် ပေးနိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုး ရေးအတွက် အလားအလာကောင်းများရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်တွင် အမျိုးသား အလုပ်လုပ်နိုင်သော လူဦးရေထက် အမျိုးသမီးအလုပ် လုပ်နိုင်သော လူဦးရေမှာ ပိုမို များပြားပါ သည်။ အသက် (၆၄) နှစ်နှင့်အထက် သက်ကြီးရွယ်အိုလူဦးရေမှာကျေးရွာရှိလူဦးရေ၏(၅%)ရှိပြီးကျန်းမာရေးမှာ အသင့်အတင့်ကောင်းမွန် ကြပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အုတ်ဖိုမြို့နယ်၊ ကျွန်းကုန်းကျေးရွာအုပ်စု၊ ကျွန်းကုန်းကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များ ရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက် လူမှုအဖွဲ့ အစည်းများကြား ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။ ကျေးရွာအတွင်းရှိ ပြည်သူ များ၏ စည်းလုံးညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ သြဇာသက်ရောက်မှု များကြောင့် ကျေးရွာအကျိုး အဖွဲ့လိုက်ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်အတင့် ရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါသော်လည်း ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပတ်သက်သော အသိအမြင်ဗဟုသုတများ အပိုင်း ( ဥပမာ- အဖွဲ့အစည်း များ ဆိုင်ရာသဘောတရားများ)တွင် လိုအပ်ချက်များ ရှိနေသေးလျက် ရှိပါသည်။

## ၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

အုတ်ဖိုမြို့နယ်၊ ကျွန်းကုန်းကျေးရွာအုပ်စု၊ ကျွန်းကုန်းကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှုအသင့်အတင့်ရှိပါသည်။ ကျေးရွာ(၁)ရွာလုံးအနေဖြင့် လယ်မြေပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ(၂၃)စုရှိပြီး ကျေးရွာရှိအိမ်ထောင်စု၏ (၂၁.၃%)ရှိပါသည်။ ကျေးရွာတွင် လယ်မြေ ဧက(၁၄၇)ဧကရှိပြီး စပါးကိုသာ အဓိကစိုက်ပျိုးပြီး အခြားသီးနှံများ အနေဖြင့် မတ်ပဲသီးနှံများကို စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေး သွင်းအားစုများ၊ နည်းပညာ ဝန်ဆောင်မှုများ အနည်းငယ်ရရှိပြီး၊ မိုးရေကိုအဓိကထားစိုက်ပျိုးကြပါသည်။ အဟန့်အတား အနေဖြင့် မိုးစပါးစိုက်ပျိုးရာတွင်မိုးနည်းသည့်ကာလများတွင် စပါးအထွက်နှုန်း လျော့ နည်းခြင်း၊ ဆည်ရေမရရှိခြင်းကြောင့် နွေစပါးစိုက်ပျိုးနိုင်မှု မရှိခြင်း ကျေးရွာအဖွဲ့အနေဖြင့် မြို့နယ်အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအားနည်းခြင်း၊ ဖျက်ပိုးများကျရောက်တတ်ခြင်း၊ စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာ/ အကူအညီမရခြင်း၊ စပါးရိတ်သိမ်းရောင်းချချိန်တွင်သွင်းအားစုအရင်းအနှီး များပြားပြီး စပါးထွက်နှုန်းလျော့နည်းခြင်းနှင့် စပါးဈေးနည်းခြင်း တို့ကြောင့်အကျိုးအမြတ် နည်းခြင်း များဖြစ်ပေါ်ပြီး စပါးမျိုးမချန်နိုင်ခြင်း၊ ပြန်လည်စိုက်ပျိုးချိန်တွင် မျိုးစေ့များအား သက်သာသောနှုန်းထားဖြင့် မရ၍ဈေးကြီးပေးဝယ်ရခြင်း၊ စိုက်ပျိုးမြေဆီလွှာ အသင့်အတင့်ကောင်းမွန်သော်လည်း အထွက်နှုန်းတိုးလိုပါက မြေဩဇာအများအပြားထည့်ရခြင်းကြောင့် အရင်းအနှီးများခြင်း၊မျိုးစေ့များ ပြန်လည်ဝယ်ယူချိန်တွင် စိုက်ပျိုးရေးဦးစီးဌာနမှရောင်းချသောဈေးနှုန်းနှင့် ပြင်ပ/ပုဂ္ဂလိက စိုက်ပျိုးရေး ကုမ္ပဏီများမှ ရောင်းချသောဈေးနှုန်းများတူညီသော်လည်း စိုက်ပျိုးရေးဦးစီးဌာနမှ လိုသလောက်မရရှိသည့်အတွက် လယ်သမားများမှ ပြင်ပ/ပုဂ္ဂလိက စိုက်ပျိုးရေးကုမ္ပဏီများမှ ဝယ်ယူနေမှုများ တွေ့ရှိရပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

**ဇယား(၈) ကျွန်းကုန်းကျေးရွာတွင် တိရိစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ**

| စဉ် | ကျေးရွာ | နွား | သိုး | ဝက် | ဆိတ် | ကြက် | ဘဲ | ကျွဲ |
|---|---|---|---|---|---|---|---|---|
| ၁ | ကြို့ပင်(အလယ်) | ၇ | | ၁၃ | | ၂၄၁ | ၇၁ | |

အုတ်ဖိုမြို့နယ်၊ ကျွန်းကုန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် အိမ်တွင်မွေးမြူလျက်ရှိပြီး၊ စီးပွားဖြစ် မွေးမြူထားခြင်း မရှိပါ။ နွား၊ ဝက်၊ ကြက် နှင့် ဘဲ စသည့် မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စုအားလုံး၏ တစ်ပိုင်တစ်နိုင် ကြက်မွေးမြူသည့် အိမ်ထောင်စု (၅၅%) ခန့်ရှိပါသည်။ မိရိုးဖလာနည်းအတိုင်း မွေးမြူခြင်း ကြောင့် ဆုံးရှုံးမှုများပြီးအမြတ်ရရှိမှုနည်းခြင်း၊ ကျွဲ၊သိုး၊ဆိတ် မွေးမြူရေး လုပ်ငန်းများ အတွက် စားကျက်မြေရှားပါးသည့်အတွက်မမွေးမြူကြပါ။ မွေးမြူရေးဆိုင်ရာအသိပညာနှင့်နည်းပညာဝန်ဆောင်မှုများလိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

အုတ်ဖိုမြို့နယ်၊ ကျွန်းကုန်းကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်း များမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် အစိုးရဝန်ထမ်းများ၊ ပန်းရံ၊ လက်သမား၊ ဆောက်လုပ်ရေး၊ ဆံပင်ကျွတ်ရှင်းလင်းခြင်းလုပ်ငန်း၊ ယာဉ်မောင်း၊ ဆိုင်ကယ်ကယ်ရီ၊ စျေးဆိုင်၊ အပ်ချုပ်ဆိုင် လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြပါသည်။ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများအတွက်နည်းပညာများရရှိပြီးဖြစ်သော်လည်း အရင်းအနှီး စိုက်ထုတ်လုပ်ကိုင်ရန် အတွက်အခက်အခဲများရှိနေကြပါသည်။ ကျေးရွာနှင့်မြို့ပေါ် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး၊ လျှပ်စစ်မီးရရှိသောကြောင့် ထုတ်ကုန်လုပ်ငန်းများ ထုတ်လုပ်ရန် အခွင့်အလမ်း တစ်ရပ်ပင်ဖြစ်ပါသည်။ နယ်မြေလုံခြုံမှုရှိပြီး လွတ်လပ်စွာ သွားလာ ရောင်းဝယ်နိုင်သောကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ တစ်နှစ်ပတ်လုံး ရာသီမရွေး သွားလာနိုင်ပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

အုတ်ဖိုမြို့နယ်၊ ကျွန်းကုန်းကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စုများ သာ စိုက်ဘဏ်ချေးငွေများ ရရှိနိုင်ပါသည်။ ချေးငွေဝန်ဆောင်မှုအနေဖြင့် ပုဂ္ဂလိကချေးငွေဝန်ဆောင်မှုလုပ်ငန်းများသာရှိ၍ ကျေးရွာတွင် တစ်လျှောင် ချေးငွေ လိုအပ်မှုအနေအထားမှာ ယေဘုယျအားဖြင့် အသင့်အတင့် အနေအထားတွင် ရှိနေဆဲဖြစ်ပြီး ကျေးရွာနေပြည်သူအများစုမှာ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေရရှိနေပါသော်လည်း လိုအပ်ချက်များရှိနေဆဲ ဖြစ်ပါသည်။

**၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

အုတ်ဖိုမြို့နယ်၊ကျွန်းကုန်းကျေးရွာတွင် လယ်ယာထွက်ကုန်များအား အုတ်ဖိုမြို့နှင့် ကြို့ပင်ကောက်မြို့များသို့သွားရောက်ရောင်းချပါသည်။ ကုန်စိမ်းနှင့်သားငါးများကို အုတ်ဖိုမြို့မဈေးနှင့်ကြို့ပင်ကောက်မြို့မဈေးတို့တွင် အလွယ်တကူဝယ်ယူနိုင်ပြီး၊ အခြားသော လူသုံး ကုန်ပစ္စည်းများအား ဆိုင်ကယ်ဖြင့် သော်လည်းကောင်း၊ သုံးဘီးဆိုင်ကယ်၊ ကားများဖြင့် သော်လည်းကောင်း သယ်ယူပို့ဆောင်လျက်ရှိပါ သည်။ကျေးရွာတွင်အသုံးပြုမှု အများဆုံး သယ်ယူပို့ ဆောင်ရေးယာဉ်များမှာ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီနှင့် ကားများကို အသုံးပြုကြပါသည်။ ကျေးရွာသည် ရန်ကုန်-ပြည်လမ်းမကြီး အနီးတွင်ရှိပြီးလမ်းပန်းဆက်သွယ်ရေးအနေမှာ ကောင်းမွန်ပါသည်။ ကျေးရွာရှိ ရွာတွင်း လမ်းမကြီး၏ စုစုပေါင်း အရှည်မှာ ပေ(၁၀၀၀)ခန့် ရှည်လျားပြီး ကျောက်ချောလမ်းဖြစ်သည့်အတွက် သွားလာရေး လွယ်ကူပါသည်။

**(ခ) လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး**

အုတ်ဖိုမြို့နယ်၊ ကျွန်းကုန်းကျေးရွာတွင် **မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး အသုံးပြုနေကြသည့် အိမ်ထောင်စုမှာ (၇၃%) ရှိပြီး ကျေးရွာ မီးကော်မတီမှ ပြုပြင်ထိန်းသိမ်းမှုစနစ်မှာလည်း ကောင်းမွန်ပါ သည်။**

(ဂ) **ဆက်သွယ်ရွေး၊ သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ**

အုတ်ဖိုမြို့နယ်၊ ကျွန်းကုန်းကျေးရွာတွင် ဆက်သွယ်ရေး၊ သတင်းအချက် လက်နည်းပညာနှင့် ပတ်သက်၍ အိမ်တိုင်းနည်းပါး တယ်လီဖုန်း၊ Radio, TVများ အများအပြား အသုံးပြုလျက် ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ကျေးရွာအနီး ပတ်ဝန်းကျင်တွင် သက်ဆိုင်ရာ ဆက်သွယ်ရေးတာဝါတိုင်များ တည်ရှိသဖြင့် ကျေးရွာ သူ/သားများမှာ ကြိုးမဲ့ဆက်သွယ်ရေး ဆင်းကဒ်များ ဖြစ်သော MPT, Ooredoo, Telenor, Mytel (၄)မျိုးစလုံး အသုံးပြုနိုင်ပြီး စီးပွားရေး အနေဖြင့် ဈေးကွက်များနှင့် သတင်းအချက် အလက်များအား အချိန်နှင့်တပြေးညီ ရယူနိုင်သည့်အပြင် ဆက်သွယ်ရေးဆိုင်ရာ ဗဟုသုတ များနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကိုလည်း လျင်မြန် လွယ်ကူစွာ ရရှိ နိုင်ပါသည်။

**၇။ ပညာရေး**

အုတ်ဖိုမြို့နယ်၊ ကျွန်းကုန်းကျေးရွာတွင် မူလွန်ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိပြီး၊ သွပ်မိုး၊ အုတ်နံရံကာများဖြင့် တည်ဆောက်ထားသော ကျောင်းဆောင်များမှာ အရည် အသွေး ကောင်းမွန်

ပါသည်။ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းမရှိသဖြင့် ကလေးအများစုမှာ နီးစပ်ရာ ဦးတိုကျေးရွာကျောင်းသို့ ပညာရေးဝန်ဆောင်မှုများကို လက်လှမ်းမီရယူ ကြပါသည်။ ကျောင်းအာဟာရတိုက်ကျွေးမှု အစီအစဉ်မှာလည်း အသင့်အတင့်ရှိပါသည်။ အတန်းပညာ ပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ်နည်းသော်လည်း အလုပ်လုပ်နိုင်သည့် အရွယ်များသောကြောင့် လုပ်ငန်းခွင်ဝင်နိုင်သည့် လူသားအရင်းအမြစ် တစ်ရပ်ပင်ဖြစ်ပါသည်။ လူငယ်များမှာ အလုပ်အကိုင် ရှားပါးမှုနှင့် အသက်မွေးဝမ်းကျောင်းနည်းပညာ အားနည်းခြင်း များကြောင့်၊ သင်တန်းများပို့ချပေးပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် လိုအပ်သော ရင်းနှီးငွေ / ချေးငွေများ ပံ့ပိုးပေးပြီးနောက် လုပ်ငန်းများ ဖွင့်လှစ်ဆောင်ရွက် ပါက ဝင်ငွေအသင့်အတင့် ရလာနိုင်မည်ဖြစ်ပါသည်။

## ၈။ ကျန်းမာရေး

### (က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှု ရရှိမှုအခြေအနေ

အုတ်ဖိုမြို့နယ်၊ ကျွန်းကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပြီး အမျိုးသမီးများနှင့် ကလေးသူငယ်များ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးလျှက် ရှိပြီး အရေးပေါ်လူနာများများအတွက် ကျေးရွာမှ (၄)မိုင်ခန့် ဝေးသော အုတ်ဖိုမြို့နယ် ကုတင်(၂၀၀)ဆံ့ ဆေးရုံသို့သွားရောက်ကုသကြပါသည်။ ကျေးလက်နေပြည်သူများ အကြား ဝမ်းပျက် ဝမ်းလျှောနှင့် သွေးလွန် တုပ်ကွေး ရောဂါများသည် ရာသီအလိုက် ဖြစ်ပွားမှု အနည်း ငယ်ရှိပါသည်။ ဖြစ်ပွားရသော အကြောင်းအရင်းများကို ဖော်ထုတ်ဖယ်ရှား ပေးခြင်း၊ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး တို့အတွက် ကျန်းမာရေး အသိပညာပေးခြင်းတို့အား ဆောင်ရွက် ပေးသင့်ပါသည်။ ကျန်းမာရေးဦးစီးဌာနမှလည်း သတ်မှတ်အရွယ် ရောက်သူတိုင်းအား သတ်မှတ်ကာလ များတွင် ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက် ထိုးပေးလျက် ရှိပါသည်။

### (ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

အုတ်ဖိုမြို့နယ်၊ ကျွန်းကုန်းကျေးရွာတွင် သောက်သုံးရေကို ရေတွင်းများ၊ လက်နှိပ် တုံကင်တွင်းများ သုံးစွဲကြပြီး၊ ကျေးရွာရှိအိမ်ထောင်စုအားလုံးအတွက် သန့်ရှင်းသော သောက်သုံးရေကိုရရှိပြီး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးပိုင်းတွင် ကျေးလက်ဒေသ၏ ယင်လုံအိမ်သာသုံးစွဲမှုမှာ (၁၀၀%)**ရှိသဖြင့် ကျေးရွာ သူ/သားများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသင့်အတင့်ရှိ၍ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးမှုမှာလည်း အသင့်အတင့်ရှိပါသည်။**

## ၉။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြုစုခြင်း

### (က) ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း

အုတ်ဖိုမြို့နယ်၊ကျွန်းကုန်းကျေးရွာတွင်စိုက်ပျိုးမြေဆီလွှာအနေအထားကောင်းမွန်သောကြောင့် စပါးစိုက်ပျိုးရာတွင် အထောက်အကူဖြစ်ပါသည်။ မြေဆီလွှာကောင်းမွန် သော်လည်း နွေရာသီတွင် မြစ်ချောင်းအင်းအိုင်နည်းပါးပြီး ဆယ်ရေမရှိသည့်အတွက် မတ်ပဲသီးနှံကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိပ်ခွံ၊ ဘူးခွံများကို စနစ်တကျစွန့်ပစ်ရန် အတွက် အမှိုက်ကန်လိုအပ်ပါသည်။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

### (ခ) သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

အုတ်ဖိုမြို့နယ်၊ ကျွန်းကုန်းကျေးရွာသည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းတွင် ကျရောက်သော ကျေးရွာဖြစ်သည့်အလျောက် သင့်တင့်သောရာသီဥတုရှိပါသည်။ လူထုအခြေပြု သဘာဝ ဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်များ ဆောင်ရွက်နိုင်မှု မရှိသေးပါ။ ကျေးရွာသည် တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းမှုရှိသောကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုမှာ အဆင်ပြေ ချောမွေ့လျက်ရှိပါသည်။ မူခင်းများကာကွယ်တားဆီးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခါအားလျော်စွာ မူခင်းကျဆင်းရေး ပညာပေး ဟောပြောပွဲများအား (၁)နှစ် (၁)ကြိမ် ဟောပြောပြုလုပ်ပေးလျက်ရှိပါသည်။

## ၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

အုတ်ဖိုမြို့နယ်၊ကျွန်းကုန်းကျေးရွာအတွင်းရှိမိဘများသည်သားသမီးများကိုပညာသင်ကြားမှု အပိုင်းတွင်ကျား/မ ခွဲခြားသတ်မှတ်ခြင်းမရှိဘဲတန်းတူပညာသင်ကြားခွင့်ရှိကြပါသည်။ မိသားစု စားဝတ်နေရေး အခြေအနေအလိုက်သာ ပညာသင်ကြားခွင့်ကို သက်ရောက်မှု ရှိစေနိုင်သည်။ နေ့စားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတွင် ကျားမတန်းတူ အခွင့်အရေးရရှိပါသော်လည်း နေ့စားလုပ်အားခသတ်မှတ်ရာတွင် အမျိုးသမီးများမှာ အမျိုးသားများထက် လုပ်အားခရရှိမှု ပိုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်း အကြမ်းဖက်မှုနှင့် ကျားမခွဲခြားဆက်ဆံမှုတို့မှာ အများအားဖြင့် နည်းပါးသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းနှင့် ကျေးရွာ သာရေး နာရေးကိစ္စရပ်များတွင် **အမျိုးသမီးများ တက်တက်ကြွကြွပါဝင် လုပ်ဆောင်ကြပါသည်။**

# ကျွန်းကုန်းကျေးရွာအုပ်စု၊ ကျွန်းကုန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ဦးဇော်ဦး | ဦးချစ်ငွေ | | **ဥက္ကဌ** | ၀၉-၄၂၃၆၉၁၆၂၁ | |
| ၂။ | ဦးအေးမြင့် | ဦးကျော်ခ | | အတွင်းရေးမှူး | ၀၉-၆၉၀၇၆၀၄၈၃ | |
| ၃။ | **ဦးဝင်းသိန်း** | ဦးလှမောင် | | **ဥက္ကဌ(ဝယ်ယူရေး)** | ၀၉-၆၆၁၁၅၄၅၇၀ | |
| ၄။ | **ဦးကျော်သူ** | ဦးမြသော် | | စေတနာ့ဝန်ထမ်း | ၀၉-၆၆၆၀၃၂၃၆၂ | |
| ၅။ | **ဒေါ်ညွန့်ညွန့်ဝင်း** | ဦးကျော်တင် | | **အဖွဲ့ဝင်** | ၀၉-၇၉၄၁၇၄၅၉၆ | |
| ၆။ | **ဦးသိန်းလွင်** | ဦးလှရွှေ | | **အဖွဲ့ဝင်** | ၀၉-၇၉၉၈၃၆၁၄၅ | |
| ၇။ | **ဦးဝင်းမြင့်** | ဦးမောင်ထွန်း | | ဝယ်ယူရေး**အဖွဲ့ဝင်** | ၀၉-၆၈၇၀၈၁၉၆၀ | |
| ၈။ | ဦးမြင့်ကြူ | ဦးမောင်ကြည် | | **အဖွဲ့ဝင်** | ၀၉-၇၇၃၉၅၂၅၅၃ | |
| ၉။ | ဦးချမ်းကို | ဦးတင်စိုး | | **အဖွဲ့ဝင်** | ၀၉-၆၈၂၅၅၁၁၅၆ | |
| ၁၀။ | ဒေါ်ခင်မာဆွေ | ဦးမောင်သောင်း | | စေတနာ့ဝန်ထမ်း | ၀၉-၆၉၇၇၃၉၅၀၈ | |
| ၁၁။ | ဦးစိန်ဝင်း | ဦးမောင်ထွန်း | | ဝယ်ယူရေး**အဖွဲ့ဝင်** | ၀၉-၂၅၉၆၇၇၆၈၅ | |
| ၁၂။ | ဒေါ်ကြည်လှိုင် | ဦးလှသိန်း | | **အဖွဲ့ဝင်** | ၀၉-၆၇၃၇၅၃၅၀၄ | |
| ၁၃။ | ဦးဟန်ရွှေ | ဦးညက် | | **အဖွဲ့ဝင်** | ၀၉-၆၈၃၇၅၆၂၃၈ | |
| | | | | | | |
| | | | | | | |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | | ၁ | ၁ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၅ | ၄ | ၅ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၆ | ၆ | ၁၂ | ၁ | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၆ | ၁၀ | ၁၀ | ၂ | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၀ | ၇၅ | ၁၃၉ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၃ | | ၁၃ | | |
| စုစုပေါင်း | | ၁၀၀ | ၉၆ | ၁၉၆ | ၃ | |
| စုစုပေါင်း အိမ်ထောင်စု | | ၆၄ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်းကုန်းကျေးရွာတွင် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ ကူညီထောက်ပံ့မှုရှိပါသော်လည်း အသက်(၈၀)ကျော်မှသာထောက်ပံ့မှုရှိခြင်း၊ မသန်စွမ်းသက်ကြီးရွယ်အိုများအား မိသားစုအစီအစဉ်ဖြင့် ထောက်ပံ့လျက်ရှိပါသည်။ ကျေးရွာတွင် အခြေတကျနေထိုင်သူများ၍ ရွှေ့ပြောင်းနေထိုင်သူ မရှိကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဖော်ပြထားသော ရွေးချယ်စရာများမှ တစ်ခုကို ရွေးချယ်ရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၃ | ၄၀ | | ၂၃ | ၁၇ | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၂ | ၇၈ | | ၄၄ | ၃၄ | | မြင့် ☐လတ် ☑ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၂ | | ၁ | ၁ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၂ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုရေးချစ္စာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | ၁ | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | ၁ | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၂ | | | ၂ | | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | | ၂ | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | ၁ | | | မြင့် ☐ လတ်☑ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၉ | | ၂ | ၇ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / | | | | | | | |

| စဉ် | လုပ်ငန်းများ | အိမ်ဘိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဖော်ပြချွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၈ | | ၄ | ၄ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | **စုစုပေါင်း** | ၆၄ | ၁၄၅ | | ၇၉ | ၆၆ | | ☒ |

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းပြုကြပြီး အခြားဝင်ငွေရလုပ်ငန်းများဖြစ်ကြသည့် ကျပန်း/ရောင်းဝယ်ရေးများတွင်လည်းလုပ်ကိုင် ကြပါသည်။စက်ရုံ များတွင် လုပ်ကိုင်သည့် အိမ်ထောင်စု (၅)စုရှိပြီး လုပ်အားခနည်းပါသော်လည်း စားဝတ်နေရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ | နေ့စား | ၁၂၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ပန်းရံလုပ်ငန်း | | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၅၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | လခ စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။
မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)
(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျွန်းကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်ပြီး အလုပ်သမား လုပ်အားခများအနေဖြင့် အမျိုးသား/သမီး အနည်းငယ်ကွာဟမှုရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် လုပ်အားခတိကျသတ်မှတ်မှုမရှိပါ မိမိလုပ်ကိုင်နိုင်လျှင် နိုင်သလောက် လုပ်အားခ ရရှိကြပါသည်။ စက်ရုံ အလုပ်ရုံ(ပိုက်စက်ရုံ၊ပလပ်စတစ် ပစ္စည်းစက်ရုံ)များတွင် အမျိုးသား/အမျိုးသမီးလုပ်အားခ တန်းတူညီမျှမရှိခြင်းများကိုလေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၄၇ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ(ကျွန်းမျှော) | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၁၄၇ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်းကုန်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းသာအဓိကလုပ်ကိုင်ကြသဖြင့် အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူများအနည်းငယ်သာရှိပါသည်။ စိုက်ပျိုးမြေကိုသာ အဓိကထားပိုင်ဆိုင်ကြပြီး မြေဆီလွှာအရည်အသွေးမှာ သင့်အနေအထား ရှိပါသည်။ ရာသီဥတုမှန်သည့်နှစ်တွင် စပါးအထွက်တိုး၍ အနည်းဆုံး(၇၀)တင်းမှ အများဆုံး(၉၀)တင်း ထွက်ရှိပြီး အထွက်နှုန်းကောင်းမွန်ပါသည်။မိုးနည်းပါက အနည်းဆုံး(၄၀)တင်းမှ အများဆုံး(၆၀)တင်းထွက်ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐မရှိ ☑ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☑မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐မရှိ ☑ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော - ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။ လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အနီးနားပတ်ဝန်းကျင်တွင် သတ္တုနှင့်အခြားတွင်းထွက်ပစ္စည်းများမရှိပါ။ မြေပေါ်ရေနှင့် မြေအောက်ရေ ၏ အရင်းအမြစ်များသည်ကျေးရွာအနေဖြင့် အသုံးချနိုင်မှုရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိေ ောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် | များ | အသင့်အတင့် | နည်း | မရှိ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ ေသာအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| ဆိုင်သောပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေးလု ပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | | ၂၄ | ၃၀ | ၁၀ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျွန်းကုန်းကျေးရွာရှိ (၆၄)စုရှိသည့်အနက် မပြေလည်သောအိမ်ထောင်စုမှာ ( ၃၀ ) စုရှိပြီး၊ အလွန်မ ပြေလည်သည့် အိမ်ထောင်စုမှာ (၁၀ )ရှိပါသည်။၎င်းအိမ်ထောင်စုများအနက် အဆင့်၃နှင့် အဆင့်၄ အိမ်ထောင်စုများသည် ကျပန်း လုပ်ကိုင်ဆောင်ရွက်နေကြပြီး အလုပ်ကိုင်အခွင့်အလမ်းနည်းပါးခြင်း ကုန်ဈေးနှုန်းကြီး မြင့်ခြင်းနှင့် ကျေးရွာမှ အိုးမကွာအိမ်မကွာ လုပ်ကိုင်ဆောင်ရွက်နေခြင်းများကြောင့် ဝမ်းစာဖူလုံမှုနည်းပါးရခြင်းဖြစ် သည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စုအ ရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအ လိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်း စာဖူလုံမှု | ၄၀ | ၆ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၁၂<br>ချေးယူ = ၁၀<br>လုပ်အားခကြိုယူ =၁၈ |
| ၃လနှင့်၆လကြား၀ မ်းစာဖူလုံမှု | ၁၃ | ၃ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၈<br>ချေးယူ = ၃<br>လုပ်အားခကြိုယူ = ၂ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | ၁၁ | ၂ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၄<br>ချေးယူ = ၃<br>လုပ်အားခကြိုယူ = ၄ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဥစ္စာဓနအဆင့်(၄) (၁၀)အိမ်ထောင်စုနှင့် ဥစ္စာဓနအဆင့်(၃)လည်း အိမ်ထောင်စု (၃၀)စုရှိပါသည်။ ကျေးရွာတွင် ဝမ်းစာဖူလုံမှုအခြေအနေ စစ်တမ်းကောက်ယူရာတွင် အလုပ်အကိုင်

**အခွင့်အလမ်း** များနည်းပါးသည့်**ကျေးရွာဖြစ်သဖြင့်** အဆိုပါအိမ်ထောင်စုများသည် **ဝမ်းစာဖူလုံ**ရန်အတွက် အခက်အခဲရှိကြောင်း **တွေ့ရှိရပါသည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ နှင့် ဥစ္စာခနေအဆင့် (၃)နှင့် (၄)အိမ်ထောင်စုများ ၏ ဝမ်းစာဖူလုံမှုမရှိ၍ အစားအသောက်လျော့စားရသည့် အခြေအနေများရှိခဲ့ပါသည်။**

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက် | ၃ | ၄ | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောသက်ကြီးရွယ်အိုများ မသန်စွမ်းပုဂ္ဂိုလ်များအတွက် ကျေးရွာမှ ခက်ခဲသောမိသားစုများအား ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေထဲမှ ကူညီထောက်ပံ့မှုရှိခဲ့ပါသည်။ ပညာရေး၊ကျန်းမာရေး၊ သာရေး/နာရေးများအတွက် ဆင်းရဲ၍ ခက်ခဲသော ကျောင်းသူ/သားများ မသန်စွမ်းပုဂ္ဂိုလ်များအတွက် ကူညီထောက်ပံ့နိုင်ရေး ကျေးရွာမှ ထောက်ပံ့ဆောင်ရွက်လျက်ရှိသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | | | |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | | | |
| ၄ | ဆူနာမီ | ✓ | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | | | |
| ၆ | လေဆင်နှာမောင်း | ✓ | | | | | |
| ၇ | ငလျင် | ✓ | | | | | |
| ၈ | အပူလှိုင်း | ✓ | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ✓ | | | | | |
| ၁၀ | အအေးလှိုင်း | ✓ | | | | | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | | | |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | | | | | |
| ၁၆ | မြေပြိုခြင်း | ✓ | | | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | | Â |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | ✓ | | | | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ✓ | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✓ | | | | | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | | | |
| ၂၂ | တီဘီရောဂါ | ✓ | | | | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | | |
| ၂၄ | ကပ်ရောဂါ | ✓ | | | | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | ✓ | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်အိမ်ထောင်စု ၁၀၀ တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဖြစ်လေ့ဖြစ်ထရှိသော သဘာဝဘေးအန္တရာယ်မရှိခဲ့ပါသော်လည်း လူကြောင့် ဖြစ်တတ်သော ဘေးအန္တရာယ်များကို လျော့ချနိုင်ရေးအတွက် ကြိုတင်စီမံချက်များ ချမှတ်လေ့ကျင့် ရေးဆွဲထား သင့်ပါသည်။

(င–၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✓ | | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | | | | | | |
| ၃ | ဆင်းရဲသားတောင်သူ | | ✓ | | ✓ | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ✓ | | | | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ✓ | | | | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | | | | | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✓ | | | | | |
